# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

## ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

## ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၊ပုဒ်မခွဲ (တ) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

‘(တ)

**နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အရဖြစ်စေကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍သက်ဆိုင်ရာနည်းပညာရပ်များကိုသင်ကြားပေးရန်ဖွင့်လှစ်သောသင်တန်း၊ကျောင်း၊သိပ္ပံ၊ကောလိပ်သို့မဟုတ်တက္ကသိုလ်ကအပ်နှင်းသည့်လက်မှတ်၊ဒီပလိုမာ၊ဘွဲ့သို့မဟုတ်ဒီဂရီရရှိသူကိုဆိုသည်။ယင်းစကားရပ်တွင်ပြည်ပကအပ်နှင်းဖြီးကျန်းမာရေးဝန်ကြီးဌာနကအသိအမှတ်ပြုသည့်လက်မှတ်၊ဒီပလိုမာ၊ဘွဲ့သို့မဟုတ်ဒီဂရီရရှိသူလည်းပါဝင်သည်။’

၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ၁၀၊ပုဒ်မခွဲ (င) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

‘(င)

ပြင်ပလူနာကိုဖြစ်စေ၊အတွင်းလူနာကိုဖြစ်စေခွဲစိတ်မွေးဖွားခြင်းမဟုတ်သောသတ်မှတ်ခွင့်ပြုထားသည့်မွေးဖွားခြင်းများပြုလုပ်နိုင်ရန်ပိုးမွှားကင်းစင်သည့်အခန်းနှင့်လိုအပ်သောပစ္စည်းကိရိယာများထားရှိခြင်း၊’

၄။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ**ပုဒ်မ ၁၀** တွင် -

(က) ပုဒ်မခွဲ (ဇ) ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**The Law Relating to Private Health Care Services (Amendment)**

**(Pyidaungsu Hluttaw Law No. /2012)**

**The Day of ,1374 M.E.**

**( ,2012)**

The Pyidaungsu Hluttaw hereby enacts the following Law.

1. This Law shall be called the Law Relating to Private Health Care Services (Amendment).

2. The expression under sub-section (p) of section 2 will be replaced by the following expression

(p) **Technician** means the person who has obtained the certificate, diploma, title or degree conferred by the training, school, institute or college or university established to teach the relevant technologies with respect to health care by the Ministry of Health or the Ministry of Defense or with the permission of the Ministry of Health. The said expression also includes the person who has obtained the certificate, diploma, title or degree conferred by a foreign country and also recognized by the Ministry of Health;

3. The expression under sub-section (e) of section 10 will be replaced by the following expression

(e) Having disinfected well-equipped rooms to accomplish the permitted deliveries rather than Caesarean section, for out-patient or in-patient;

4. The expression under sub-section (h) of section 10 will be deleted.

---

(Sd.)x x x

**Thein Sein**

President

The Republic of the Union of Myanmar